EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၈

နိုဝင်ဘာ ၂၇ ရက်၊ ၂၀၁၈

## ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်၏ လပေါင်းသုံးဆယ် (ပထမပိုင်း)

**အောက်တိုဘာ ၂၈၊ ၂၀၁၈**



ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်ကို ၂၀၁၆ ခု ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ ရခိုင်ပြည်နယ်လွှတ်တော်အား စတင်ဖွဲ့စည်းခဲ့သည်မှ လပေါင်း ၃၀ အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင်လည်း တည်ငြိမ်မှု၊ ရင့်ကျက်မှုများ ရှိလာခဲ့ကြပြီဖြစ်သည်။

သို့ရာတွင် ဤကာလအတွင်း လွှတ်တော်နှင့် အစိုးရအဖွဲ့တို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အားရကျေနပ်မှုမရှိသေးကြောင်း ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် သုံးသပ်ပြောကြားသွားခဲ့သည်။

လွှတ် တော်ဥက္ကဋ္ဌက "ကျွန်တော်တို့ရဲ့ လွှတ်တော်သက်တမ်း၊ အစိုးရသက်တမ်းဟာ ၂ နှစ်ကျော်လာခဲ့ပါပြီ။ ကျွန်တော်တို့ တတွေဟာ လွှတ်တော်၊ အစိုးရအဖွဲ့ စတဲ့ နေရာတွေကို ရောက်လာတာဟာ ပြည်သူတွေရဲ့ အကျိုးကိုဆောင်ရွက်ဖို့အတွက်၊ ပြည်သူတွေက ယုံကြည်အားကိုးလို့ ကျွန်တော်တို့ကို ရွေးချယ်ပေးခဲ့တာ၊ ကျွန်တော်တို့ကိုဒီနေရာကိုပို့လိုက်ကြတာဖြစ်ပါတယ်။ ဒီအထဲမှာ အစိုးရအဖွဲ့ရော၊ လွှတ်တော်ရော ပြည်သူတွေအတွက် တာဝန်ကျေသလားမေးရင် ဘယ်သူမှမကျေဘူး။ ပြည်သူအတွက် အပြည့်အဝ တာဝန်ယူမလားမေးရင် ဘယ်သူမှတာဝန်မယူရဲကြဘူး။ ကြိုးစားပြီးဆောင်ရွက်ကြဖို့၊ အားနည်းချက်တွေကို ပြုပြင်ကြဖို့ ကျွန်တော်တို့မှာ လိုအပ်တာတွေ အများကြီးရှိတယ်"ဟု လွှတ်တော်နှင့်အစိုးရအဖွဲ့အပေါ် ဝေဖန်ဆန်းစစ် ပြောကြားခဲ့သည်။

### ပြည်သူ့အသံထင်ဟပ်စေခြင်း

ရခိုင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်တွင်းလုပ်ငန်းစဉ်များအဖြစ် ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိ လပေါင်း ၃၀ အတွင်း ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ၈ ကြိမ်၊ အထူးအစည်းအဝေး ၂ ကြိမ်၊ အရေးပေါ်အစည်းအဝေး ၄ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ အစည်းအဝေးကာလများအတွင်း ကြယ်ပွင့်ပြမေးခွန်း ၅၇၀ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၂၁၀ ခု မေးမြန်းခဲ့ကြပြီး၊ အဆို ၄၃ ခုကို တင်သွင်းခဲ့ရာ၊ အဆို ၃၈ ခုကို အတည် ပြုနိုင်ခဲ့ပြီး အဆို ၅ ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။

### အများနှင့်သက်ဆိုင်

ရခိုင်ပြည်နယ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းကြရာ၌ စီမံခန့်ခွဲရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာများ၊ ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ၊ ရခိုင်ယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကိစ္စရပ်များ၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ကျေးလက် ရေပေးဝေရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးပြဿနာကိစ္စရပ်များနှင့် လယ်ယာမြေသိမ်းဆည်းမှုလုပ်ငန်းများ၊ လယ်ယာစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ် အကြောင်းအရာများ ပါဝင်သည်။ အဆိုပါမေးခွန်းများသည် မေးခွန်းဖြင့် သိလိုရုံ မေးမြန်းခြင်းသာမဟုတ်ဘဲ၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုသည့် တိုက်တွန်းသော မေးခွန်းများလည်း ဖြစ်ကြသည်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့်အဆိုများမှာလည်း ရခိုင်ပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုသည့် အမျိုးသားရေးနှင့်သက်ဆိုင်သောအဆိုများဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးဆောင်ရွက်ရန်လိုအပ်သည့် အဆိုများလည်း ဖြစ်ကြသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**(ရည်ညွှန်း-ရခိုင်ပြည်နယ်လွှတ်တော်မှထုတ်ဝေသည့် ရခိုင်လွှတ်တော်ဂျာနယ်များ)**

**(ကိုးကား- Development Media Group - www.dmediag.com က ဖော်ပြခဲ့သော ကျွန်းသားငမန်း၏ ဆောင်းပါးမှကောက်နုတ်ဖော်ပြသည်။)**

# လမ်းဦးစီးဌာနဘတ်ဂျက်တောင်းခံမှုများ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်း

နိုဝင်ဘာ ၁၉၊၂၀၁၈



ဓာတ်ပုံ-မဇ္ဈိမ

ညွှန်ကြားရေးမှူးရုံးများ ဆေးသုတ်ခြင်းကို ဘဏ္ဍာငွေ ကျပ် ၆ သန်း တောင်းခံထားခြင်းအပါအဝင် ၅ မြို့နယ်ရှိ လမ်းဦးစီးဌာန လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ ကွင်းဆင်း စိစစ်ချက်အစီရင်ခံစာအား ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံစာကို ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာ ကော်မတီမှ နိုဝင်ဘာလ ၁၉ ရက်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဇလွန်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်များရှိ လမ်းဦးစီးဌာန လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများ အပေါ် စစ်ဆေးတွေ့ရှိချက်များ ဖြစ်သည်။

"ပုသိမ်မြို့ဝင်လမ်းခင်းတဲ့နေရာမှာလည်း GRF တုန်းက တောင်းတယ်။ ၁ ဖာလုံ နဲ့ ၁ ဒသမ ၅ ဖာလုံကြားထဲမှာ တောင်းထားတယ်။ ဘတ်ဂျက်တော်တော်လေး ကွာဟချက်ကို တွေ့ရတယ်။ အဓိကတွေ့တာ လုပ်ငန်း အားနည်းချက်တော့တွေ့တယ်။ အဲဒီအထဲမှာ အရေးကြီးဆုံးချွတ်ချော်မှုက ပုသိမ်မှာဆို ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က လုပ်ခဲ့တဲ့လုပ်ငန်းကို မီနီဘတ်ဂျက်မှာ ပြန်တောင်းထားတာ၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနဲ့ ညွှန်ကြားရေးမှူးရုံး ဆေးသုတ်ခြင်းလုပ်ငန်း နှစ်ခုလုံးကို ဘဏ္ဍာငွေ ကျပ် ၆ သန်းကို တောင်းခံထားတာပေါ့။ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ တွေ့ရတယ်"ဟု ယင်းကော်မတီအတွင်းရေးမှူး ဒေါ်ရီရီထွန်းက ပြောသည်။

မြောင်းမြမြို့နယ်၊ လမ်းဦးစီးပိုင် မြေကွက် ၃ ခုအား ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းသည် လူနေထိုင်ခြင်းလည်းမဟုတ်ဘဲ ကျူးကျော်ရန်အား ကာကွယ်နိုင်ရန် ဆောင်ရွက်ရာတွင် ကျပ် သိန်း ၄၄၀ ကျော် အကုန်အကျခံပြီးလုပ်ခြင်းမှာ မသင့်လျော်ဘဲ ကုန်ကျမှုနည်းသည့် အခြားနည်းဖြင့်သာ ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာငွေများ လေလွင့်မှုနည်းပါးအောင် ဆောင်ရွက်သင့်ကြောင်းကို ကော်မတီက အကြံပြုထားသည်။

ဌာနမှတင်ပြတောင်းခံသော ဘဏ္ဍာငွေခွဲဝေမှုအချိုးများတွင် သာမန်အသုံးစရိတ်ထဲမှ ၀၄၀၂ ခေါင်းစဉ်ဖြင့် လမ်းများပြင်ဆင်ထိန်းသိမ်းစရိတ်များထည့်သွင်းပြီး များပြားစွာတောင်းခံထားရာတွင် လမ်းပိုင်းအရှည် ရှိသလောက်ကြားတွင် ပြုပြင်ထိန်းသိမ်းရန် စုတောင်းခံထားသည်ကို တွေ့ရှိရပြီး အမှန်တကယ် လုပ်၊ မလုပ် မသိရှိရ၊ မည်သည့်မိုင်တိုင်မှ မည်သည့်မိုင်တိုင်အတွင်းဟု တိတိကျကျဖော်ပြပြီး တောင်းခံသင့်ကြောင်းကိုလည်း ကော်မတီက အစီရင်ခံစာတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

တွက်ချက်မှုစရိတ်များသည် အလွန်များနေ သောကြောင့် အမှန်ကုန်ကျမည့် တွက်ချက်မှုအား ဒေသပေါက်စျေးနှင့်အညီသာ ဆောင်ရွက်သင့်ပါကြောင်းနှင့် တည်ဆောက်ရာတွင်လည်း လမ်းကြောင်းအခြေအနေများပေါ်မူတည်ပြီး ဖြစ်သင့်သည့် ဒီဇိုင်းကိုသာ တွက်ချက်ဆောက်လုပ်ရန် သုံးသပ်အကြံပြုထားသည်။

ကော်မတီ၏ ကွင်းဆင်း စိစစ်တွေ့ရှိချက် များ၊ သုံးသပ်ချက်အစီရင်ခံစာကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရသို့ အထူးအလေးထားဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

(ကိုးကား-www.mizzimaburmese.com)

## သတင်းတို

- မွန်ပြည်နယ်တွင် ပထမအချက်အဖြစ် မူးယစ်ဆေးဝါးကိစ္စ၊ ဒုတိယဦးစားပေးအဖြစ် ယာဉ်စည်းကမ်းများကို အဓိကထားဆောင်ရွက်မည်ဟု နိုဝင်ဘာ ၁၆ ရက်က လွှတ်တော်အရေးပေါ်အစည်းအဝေးတွင် အသစ်ပြောင်းလဲခန့်အပ်လိုက်သည့် မွန်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးက ပြောသည်။ မွန်ပြည်နယ်တွင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ပြောင်းလဲခန့်အပ်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

(ကိုးကား- www.7daydaily.com)

- နိုဝင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကျင်းပမည်ဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ဦးတင်မောင်ဝင်းနှင့် အပြောင်းအလဲပြုလုပ်ထားသည့် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတို့ ကတိသစ္စာပြုကြမည်ဖြစ်သည်။ ထို့ပြင် တရားသူကြီးတစ်ဦးခန့်အပ်ရန် အဆိုပြုလွှာကို လွှတ်တော်က အတည်ပြုမည်ဖြစ်သည်။

(ကိုးကား- www.7daydaily.com)

# လွှတ်တော်ကော်မတီကွင်းဆင်းရာတွင် ဌာနများပူးပေါင်းမှုအားနည်းဟုဆို

**နိုဝင်ဘာ ၂၃၊၂၀၁၈**

တိုင်ကြားစာများအား မြေပြင်တွင် ကွင်းဆင်းစစ်ဆေးရာ၌ သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေကြောင်း တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အာမခံချက်များ၊ ကတိများ၊ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထူးနေအောင်က ပြောသည်။

"စိစစ်ဖို့အတွက် သက်ဆိုင်ရာဌာန၊ထွေအုပ်တွေက ပူးပေါင်းပါဝင်မှု၊ ကူညီပေးမှုမရှိတဲ့အတွက် အဆင်မပြေမှုတွေ ဖြစ်ပေါ်ရပါတယ်"ဟု ဒေါက်တာထူးနေအောင်က ဆိုသည်။

ကွင်းဆင်းရာတွင် လိုအပ်သလိုကူညီဆောင်ရွက်ပေးရန် တိုင်းအစိုးရအဖွဲ့သို့ လွှတ်တော်မှ ကြိုတင်အကြောင်းကြားထားသော်လည်း ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်မှုအားနည်းနေသဖြင့် လုပ်ငန်းစဉ်မချောမွေ့ခြင်း၊ မလိုအပ်ဘဲကြန့်ကြာခြင်းတို့ ဖြစ်ပေါ်ကြောင်း ၎င်းကပြောသည်။

လာမည့်ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် မြိတ်မြို့နှင့် ပုလောမြို့များသို့ ကွင်းဆင်းရန်ရှိပြီး ကွင်းဆင်းရာတွင် လွှတ်တော်ကော်မတီများ အသုံးပြုနိုင်သည့် ကားများမရှိခြင်းကလည်း အခက်အခဲတစ်ခုဖြစ်သည်ဟု ၎င်းကဆိုသည်။

ဒေါက်တာထူးနေအောင် ကော်မတီဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူသည့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယနေ့အထိ တိုင်ကြားစာစုစုပေါင်း ၅၂ စောင် ရောက်ရှိနေပြီး ယင်းတို့ကို အစိုးရအဖွဲ့သို့ ပေးပို့ခြင်း၊ ကွင်းဆင်းခြင်း၊ ဌာနဆိုင်ရာများကို ခေါ်ယူကြားနာခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။ **(ကိုးကား- တနင်္သာရီဂျာနယ်)**

---

# ၄ နှစ်အတွင်း ရခိုင်လွှတ်တော်သို့တိုင်ကြားသည့် လယ်ယာမြေအမှုများ အစိုးရမဖြေရှင်းနိုင်သေး




**စက်တင်ဘာ ၇၊ ၂၀၁၈**

ရခိုင်ပြည်နယ်တွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် လက်ရှိကာလအထိ လယ်ယာမြေအမှုပေါင်း ၃၀၀ ကျော်ကို နစ်နာသူများဘက်မှ ပြည်နယ်လွှတ်တော်သို့ တိုင်ကြားမှုရှိကြောင်း ရခိုင်ပြည်နယ်လွှတ်တော် လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆည်မြောင်း လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။

ထိုသို့တိုင်ကြားသည့် လယ်ယာမြေအမှုတွဲများထဲတွင် စီးပွားရေးသမားများမှ လယ်ယာမြေများအား အတင်းအဓမ္မသိမ်းယူမှုမှာ အများဆုံးဖြစ်ပြီး ကျန်အမှုတွဲများတွင် မြေစာရင်းဌာနများမှ လယ်ယာမြေတစ်ခုတည်းအတွက် ပုံစံ ၇ ထုတ်ပေးမှုထပ်နေခြင်းကြောင့် လယ်သမားအချင်းချင်း အငြင်းပွားခြင်း၊ ကျေးရွာရှိ စားကျက်မြေများအား ကျေးရွာသားအနည်းစုမှ စိုက်ပျိုးထွန်ယက်မှုကြောင့် ပိုင်ဆိုင်မှုအငြင်းပွားခြင်းများ ပါဝင်ကြောင်း သိရသည်။

၄ နှစ်အတွင်း တိုင်ကြားထားသည့် လယ်ယာမြေအမှုပေါင်း ၃၀၀ ကျော်ထဲမှ အမှုပေါင်း ၈၀ ကျော်အား ပြည်နယ်လွှတ်တော်မှ ဖြေရှင်းဆောင်ရွက်ခဲ့ပြီး တိုင်ကြားလာသည့်အမှုတွဲများအား ပြည်နယ်လွှတ်တော်မှ ကွင်းဆင်းစိစစ်ပြီး ပြည်နယ်အစိုးရထံ အစီရင်ခံစာပေးပို့ရာတွင် အလေးထားမှုအားနည်းခြင်းကြောင့် မဖြေရှင်းနိုင်သည့် လယ်ယာမြေပြဿနာမှာလည်း များစွာရှိကြောင်း ဦးအောင်ဝင်းက ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့ကမူ ယင်းဝေဖန်ချက်များကို ငြင်းပယ်သည်။ လွှတ်တော်အနေဖြင့် အမှုတွဲတည်ဆောက်၍ စနစ်တကျတင်ပြမှုမရှိသောကြောင့် ဖြေရှင်းမပေးနိုင်ခြင်းဖြစ်သည်ဟု ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊သစ်တောနှင့် သတ္တုတွင်းဝန်ကြီးက တုန့်ပြန်သည်။

"လွှတ်တော်က အစိုးရအဖွဲ့ကို တရားဝင်တိုင်ကြားရင် အမြန်ဆုံး ဥပဒေနဲ့အညီ ဖြေရှင်းပေးမယ်။ လွှတ်တော်နဲ့အစိုးရဆိုတာ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းရမယ်။ ဒီလိုညှိနှိုင်းလာလို့ရှိရင်တော့ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ဖို့ အဆင်သင့်ရှိတယ်"ဟု ဦးကျော်လွင်က ဆိုသည်။

တပ်မတော်က သိမ်းဆည်းထားသည့် လယ်ယာမြေပြဿနာများကို ဖြေရှင်းရာတွင် ပြည်နယ်အဆင့်မှ ဆုံးဖြတ်ပိုင်ခွင့်မရှိဘဲ ပြည်ထောင်စုအဆင့်ကသာ အဆုံးအဖြတ်ခံယူရသည့်အတွက် အခက်အခဲများရှိကြောင်းလည်း သိရသည်။

**(ကိုးကား- www.dmediag.com)**